# အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( ၁၉၇၇ ခုနှစ်၊ ပြည်သူ့ လွှတ်တော် ဥပဒေအမှတ် ၆ )

## နိဒါန်း

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သည် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် ကြီးပွားရေးဘဏ်အဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်ပါသည်။ ၁၉၅၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ဥပဒေအရ ရန်ပုံငွေအဖွဲ့စာချုပ်ပါအပိုဒ်များ၊ ဘဏ်အဖွဲ့စာချုပ်ပါအပိုဒ်များနှင့် စည်းကမ်းချက်များကို လက်ခံထားပါသည်။ အဖွဲ့စာချုပ်ပါအပိုဒ်များတွင် ပြုလုပ်ထားသည့် ပြင်ဆင်ချက်များနှင့်အညီ ဖြစ်စေရန်ရှိရင်းစွဲ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အပြည်ပြည်ဆိုင် ငွေကြေးရန်ပုံငွေအဖွဲ့နှင့်ဘဏ်အဖွဲ့အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင် စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့အက်ဥပဒေတွင်-

(က) ပုဒ်မ ၂-က အောက်ပါအတိုင်း အစားထိုးရမည် -

၂-က။ (၁) ဝန်ကြီးအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ရန်ပုံငွေအဖွဲ့ကဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့ကဖြစ်စေ အခါအားလျော်စွာ ဆုံးဖြတ်အတည်ပြုသည့် ရန်ပုံငွေ အဖွဲ့စာချုပ် ပြင်ဆင်ချက်များ၊ သို့မဟုတ် ဘဏ်အဖွဲ့စာချုပ်ပြင်ဆင်ချက်များ ဆိုင်သင့်ရာရာကို နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့် လက်ခံနိုင်သည်။ ယင်းသို့လက်ခံခြင်းကို အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေးသို့ တင်ပြ၍ အ တည်ပြုချက် ရယူရမည်။

(၂) ပုဒ်မခွဲ (၁) နှင့်အညီ လက်ခံသောပြင်ဆင်ချက်များအရ သက်ရောက်မည့်တာဝန်များဆောင်ရွက်မှုအပါအဝင် ယင်းပြင်ဆင်ချက်များအရ အကျိုးသက်ရောက်စေရေးအတွက် လိုအပ်သည့် ဆောင်ရွက်မှုများကို ဝန်ကြီးအဖွဲ့က ပြုလုပ်နိုင်သည်။

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ (၁-ခ)၌ ပါရှိသည့် ‘ ရွှေ ’ ဟူသည့် စကားရပ်ကို နုတ်ပယ်၍ ‘အထူးငွေထုတ်ယူခွင့်များ၊ သို့မဟုတ် အခြားအဖွဲ့ဝင်နိုင်ငံများ၏ သုံးငွေများ ’ ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၄ ပုဒ်ခွဲ (၂) ၌ပါ ရှိသည့် ‘အပိုဒ်ငယ် ၅’ ဟူသည့် စကားရပ်ကို နုတ်ပယ်၍ ‘အပိုဒ်ငယ် ၄’ ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၅ ပုဒ်မခွဲ(၁)၏ အပိုဒ်(က)၌ ပါရှိသည့် 'ရုံပုံငွေ အဖွဲ့စာချုပ်ပါ အပိုဒ် ၄ အပိုဒ်ငယ် ၈ (ခ)' ဟူသည့် စကားရပ်ကို နုတ်ပယ်၍ 'ရန်ပုံငွေစာချုပ်ပါ အပိုဒ် ၅ အပိုဒ်ငယ် ၁၁ (ခ)' ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မ ၅ ပုဒ်မခွဲ (၁) ၏ အပိုဒ် (ဂ)၌ ပါရှိသည့် 'ထို့အပြင်' ဆိုသည့်စကားရပ်ကို နုတ်ပယ်ရမည်။

(စ) ပုဒ်မ ၅ ပုဒ်မခွဲ (၁)၏ အပိုဒ် (ဃ)၌ ပါရှိသည့် 'ဇယား(ဃ)' နှင့် 'ဇယား(င)' ဟူသည့် စကားအသီးသီး ကိုနုတ်ပယ်၍ 'ဇယား(ည)' နှင့် 'ဇယား(ဋ)' ဟူသည့် စကားရပ်အသီးသီးဖြင့် အစားထိုးရမည်။ ယင်းအပိုဒ်အဆုံးတွင် 'ထို့အပြင်' ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဆ) ပုဒ်မ ၅ ပုဒ်မခွဲ(၁) အပိုဒ် (ဃ)နောက်တွင် အောက်ပါအပိုဒ်ကို အပိုဒ် (င) အဖြစ် ထည့်သွင်းရမည် -

> (င) ရုံပုံငွေ အဖွဲ့စာချုပ် အပိုဒ် ၄ အပိုဒ်ငယ် ၃ (င) အရ ပြဋ္ဌာန်းထားသည့် တာဝန်များအတိုင်း ဆောင်ရွက်ရာ၌ လိုအပ်သည့်ငွေအားလုံး၊ အဆိုပါအပိုဒ် အရ တာဝန်များဆိုသည်မှာ အခြားအဖွဲ့ဝင်နိုင်ငံများ၏ သုံးငွေများဖြင့် လဲလှယ်ပေးရန် တာဝန်များကိုဆိုသည်။

(ဇ) ပုဒ်မ ၅ ပုဒ်မခွဲ (၂)၌ ပါရှိသည့် 'အပိုဒ်ငယ် ၅' ဟူသည့် စကားရပ်ကို နုတ်ပယ်၍ 'အပိုဒ်ငယ် ၄' ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဈ) တတိယဇယား အပိုဒ် ၉ အပိုဒ်ငယ် ၈ တွင် ပါရှိသည့် 'ဒါရိုက်တာ လူကြီးကိုယ်စား အလှည့်ကျဆောင်ရွက်သူလူကြီးများ' ဟူသည့်စကားရပ်ကို နုတ်ပယ်၍ 'ဒါရိုက်တာ လူကြီးကိုယ်စား အလှည့်ကျဆောင်ရွက်သူလူကြီးများ၊ အဖွဲ့ဝင်ကော်မီတီများတွင် ပါဝင်သောအဖွဲ့ဝင်များ၊ ရန်ပုံငွေအဖွဲ့သဘောတူစာချုပ် အပိုဒ် ၁၂ အပိုဒ်ငယ် ၃ (ဈ ) အရ ခန့်အပ်သည့် ကိုယ်စားလှယ်များ၊ အထက်တွင် ဖော်ပြထားသူတို့၏ အကြံပေး ပုဂ္ဂိုလ်များ' ဟူသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---